MCIA YANGON REGION | MYANMAR COMPUTER INDUSTRY ASSOCIATION

# e-NewsLetter

**Yangon Region Computer Industry Association** **ISSUE: 02/2020**

## CONTENT

**(1)TRAINING**

-“Transformational Leadership for COVID Crisis” Course (Module-1)

**(2)ICT TALK**

-“Lessons Learned From COVID-19” Online ICT Talk

**(3)CSR Program**

-လက်ဆွဲအော်လံများပေးလှူခြင်း

-We Love Yangon အဖွဲ့အတွက် Laptop များ ကူညီခြင်း

**(4)MEMBER BENEFIT PROGRAM**

-Net Scriper Co., Ltd

-Strategy First University

**(5)COVID-19 INFORMATION**

-Saw Saw Shar Application

**(6)UPCOMING EVENT**

-“Face Shield, Cloth Mask” Donation

-“Leadership Development Programme for Business Leader” (Module 2, 3, 4, 5, 6)

-Annual General Meeting

-MCIA-YANGON Award

## ARTICLE

**Impact of COVID-19 on the Information Technology (IT) Industry**








# Impacts of COVID-19 on the Information Technology (IT) Industry

The COVID – 19 Pandemic has caused drastic changes in many industries, and Information Technology (IT) industry is the major among them. The negative impacts during this situation are more compared to positive effects

**Effect of Lockdown on IT sector:**

The significant weaknesses the IT industry is facing now is due to the fall in the economy, as a lot of companies are forced to ask their employees to work from home (remotely) keeping in the account of the public health concerns. Due to this, there is a massive loss in opportunity for many companies who have international dealers. For example, Apple Inc. is estimated to have at least 10% fall in its shares because of the lack of availability of iPhones in the market. The parts that are required to build the iPhones are supposed to come from China, and it is facing a major lockdown.

The spread of this deadly virus has caused a lot of tech conferences to get cancelled, which could have been a great partnership opportunity for many companies to expand their horizons. A few of the meetings were shifter to teleconferences, but this won't have the same reach, and the conference attendees will not be able to have the networking opportunity as they would be attending the actual conference. Due to the cancellation of these major tech conferences, there is an estimated loss of US$ 1 Billion.

**Disguised benefits in this pandemic**

Even after all this, compared to many other industries, the IT industry is expected to have an enormous market boom from US$ 131 Billion in 2020 to US$ 295 in the next five years by 2025. The main reason for this increase in the economy for this industry is the increased demand for software and social media platforms such as Google Hangouts, WhatsApp Video call, Zoom, and Microsoft Teams. All these teleconferencing tools help the people who are in quarantine to stay in touch with their family members as well as have conference meetings and work at the same time. The economy will also blossom because, during these crises, people understood the importance of the internet and technology as this is helping us stay safe and helping in the communication between the doctors and the public.

**Some smart solutions around the world:**

Many countries who are facing the shutdown have invested in smart city solution such as the cops in China are using drones attached with thermal sensors to identify the symptoms for coronavirus and get immediate medical help. In Australia, the government had launched a chat-bot to keep the citizens up to date with the situation and answer their questions so that they will be able to decrease the spread of misleading information and stop the panic that could be created in public. In South Korea, the local government has launched a Smartphone app that keeps the self-quarantine employees in touch with their co-workers to keep the

updates to the work process and to ask any questions.

In January, in China, the telecom AHS designed a 5G powered system to enable the consultations and diagnoses of people affected by the virus by connecting the physicians at West China Hospital to 27 other hospitals in the area to treat the illness affected people.

This not only helps doctors to communicate faster and come up with a diagnosis but also helps to keep track of the emergency patients who need immediate medical help and if a hospital is not able to provide that the patient could immediately be shifted to the nearest equipped hospital for assistance.

**Blooming Opportunities and Threats in the IT industry:**

Due to the coronavirus, a lot of opportunities opened up in the IT industry, such as the growing need for the 5th generation (5G) technology. This will help increase connections that support the primed remote interactions. This has become the top priority for many organizations due to the pande-mic. Tele health is one of the developing industries in the crises. This could help people to get diagnosed, treated and operated with the need of a physician to be physically present. A lot of apps have been built in the past few months to help achieve this. There are many patients who are in self-quarantine who need medical supervision and medical assistance every day, and these applications could help them achieve that.

There are a few threats too, such as after the pandemic is over what would happen to the IT sector? May exporters in this industry feel that it will not be able to stabilize after the downfall, unlike the 2008 global economic and financial meltdown. Back then, the central banks helped to improve the stability of the market, but now even the central banks are helpless.

https://www.marketdataforecast.com/blog/impacts-of-covid19-on-information-technology-industry

## TRAINING

### "Leadership Development Programme for Business Leader"

### (Module-1) "Transformational Leadership for COVID Crisis Online Training"

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှစီစဉ်ဖွင့်လှစ်ပြီး ဆရာမကြီး Prof. Dr. Moe Moe Khaing ကိုယ်တိုင် ဦးစီးသင်ကြားသည့် "Leadership Development Programme for Business Leader" Online Training ၏ Module – 1 ဖြစ်သော "Transformational Leadership for COVID Crisis" Online Training အား ၂၀၂၀ ခုနှစ်၊ ဇွန်လ ( ၂၇၊ ၂၈ ) ရက်များတွင် နေ့လည် (၁း၀၀) နာရီမှ (၃း၀၀) နာရီအထိ Zoom Application မှတဆင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား/သူ စုစုပေါင်း (၁၂၈) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် Sponsor များအဖြစ် Royal Ayeyarwaddy Co.,Ltd, Shwe Lamin Nagar Co.,Ltd, Loyar Myanmar Co.,Ltd, Thein Minn Co.,Ltd, Citicom Computer, Management and Business Care (MBC), Yangon Smart Transit တို့မှလည်းကောင်း၊ သင်တန်းအတွက် လိုအပ်သော Hardware Device များအား ICE Computer, View Sonic, MBC Training တို့မှလည်းကောင်း ပါဝင်ပံ့ပိုးပေးထားကြပါသည်။ ဤ Leadership Development Programme ၏ ဖွင့်လှစ်ရန် ကျန်ရှိသည့် Module (2,3,4,5,6) များကိုလည်း သတ်မှတ်ထားသောရက်များတွင် ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်။










## "Lessons Learned From COVID-19" Online ICT Talk Panel Discussion

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပသော "Lessons Learned From COVID-19" Online ICT Talk Panel Discussion (ZOOM) အခမ်းအနားအား ၂၀၂၀ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့၊ နေ့လည် (၂:၀၀)နာရီမှ ညနေ (၄:၀၀)အထိ MCIA-Yangon Facebook Page မှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် **Moderator** အဖြစ် U Zayar Phyo @Jack Chen (Managing Director, Techno Visions Co., Ltd) မှ ဦးဆောင်ဆွေးနွေးပေးခဲ့ပြီး **Panelist** များအဖြစ် U Kyaw Swa Min (Managing Director, Grand Lotus Tours)၊ U Zaw Aung @Ba Zaw (Managing Director, MSCT Pte Ltd)၊ U Maung Maung Aye (Co-founder, Dream Boat Entertainment) နှင့် Daw Honey Mya Win (Co-founder & CEO, Chate Sat Freelancing Platform) တို့မှ ပါဝင်ဆွေးနွေးပေးခဲ့ကြပါသည်။ Sponsor များအဖြစ် Citicom IT & Mobile Sales & Services၊ Pyei Sone Hein Group of Companies၊ MBC Training Center နှင့် KMD Group of Companies တို့မှ ပါဝင်ပံ့ပိုးပေးထားကြပါသည်။ ဤအခမ်းအနား၏ Facebook Live Section အတွက် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ Public Relations Committee မှ အတွင်းရေးမှူး ဦးကျော်ဖြိုးလင်းမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။










## ကျန်းမာရေးဝန်ကြီးဌာနမှ COVID-19 အသိပညာပေးလှုံ့ဆော်မှုများတွင်အသုံးပြုရန် လက်ဆွဲအော်လံများလှူဒါန်းခြင်း

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် အသင်းဝင်ကုမ္ပဏီများပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ COVID-19 ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအတွက် အသိပညာပေး လှုံ့ဆော်မှုများတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော (HANDHELD LITHIUM BATTERY MEGAPHONE) အမျိုးအစား လက်ဆွဲအော်လံ (၂၀၀)ခုအတွက် ကျသင့်ငွေစုစုပေါင်း 3,400,000/- (ကျပ် သုံးဆယ့်လေးသိန်း တိတိ) အား ၂၀၂၀ခုနှစ်၊ ဧပြီလ (၂၀)ရက်နေ့တွင် ပေးပို့လှူဒါန်းခဲ့ပါသည်။ ဤလှူဒါန်းခြင်း အစီအစဥ်တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း နှင့်အတူ Sun Ivy Solutions (Myanmar) Co.,Ltd, ကိုအေးမောင်မောင်ကြည် + ဒေါက်တာယဉ်နွယ်ဦး မိသားစု, Data Link Co.,Ltd, T3K Co.,Ltd, Winner Computer Group Co.,Ltd, Discovery Digital Co.,Ltd, T.E.S Myanmar Co.,Ltd, MBCSD Co.,Ltd, Myanmar Unique Computer Limited, Concordia International Co.,Ltd, Techno Visions Co.,Ltd နှင့် မရီရီသန့်တို့မှ ပူးပေါင်း ပါဝင်လှူဒါန်းခဲ့ကြပါသည်။






---

## "We Love Yangon" အဖွဲ့အတွက် Laptop များ ကူညီခြင်း

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID တိုက်ဖျက်ရေးလုပ်ငန်းများအား တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသော "We Love Yangon" အဖွဲ့၏ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့နိုင်စေရန် ရည်ရွယ်၍ အသင်းရှိ Laptop (10) လုံးအား သွားရောက် ပံ့ပိုး ကူညီပေးခဲ့ပါသည်။



# MEMBER BENEFIT PROGRAM

## Net Scriper Co., Ltd

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ Member Benefit Program တစ်ခုအဖြစ် “NetScriper Co.,Ltd” နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်ကုမ္ပဏီများအားလုံးအား

- Web Design
- Mobile App Development
- E-Commerce
- Payment
- Online Solution

များတွင် အမြဲတမ်း Discount (2% ~ 5%) နှင့် Special Discount များပေးသွားရန်အတွက် သဘောတူညီမှုစာချုပ်အား ၂၀၂၀ခုနှစ်၊ မေလ (၁၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌ ဦးမျိုးမင်းဦးနှင့် NetScriper Co.,Ltd ၏ Managing Director ဖြစ်သော ဦးကျော်သူရအောင်တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## Strategy First University

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ Member Benefit အစီအစဉ်တစ်ခုအဖြစ် “Strategy First University” နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်ကုမ္ပဏီများမှ ဝန်ထမ်းများအားလုံး အောက်ပါအတိုင်း အထူးနှုန်းထားများဖြင့် သင်တန်းများ တက်ရောက်နိုင်ရန်အတွက် သဘောတူညီမှုစာချုပ်အား ၂၀၂၀ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာ လုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌဖြစ်သော ဦးမျိုးမင်းဦးနှင့် “Strategy First University” ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သော ဦးအောင်ကျော်ဌေး တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

- CIM Diploma in Professional Marketing အတွက် 30% discount (Original Textbook Fees နှင့် UK Exam Fees မပါ)
- PMI Project Management Professional အတွက် 30% discount (Original Textbook Fees နှင့် UK Exam Fees မပါ)
- Heriot-Watt University EBS MBA/MSc အတွက် 500,000 MMK (Lump Sum Discount)
- Heriot-Watt University MSc CPM အတွက် 500,000 MMK (Lump Sum Discount)

# COVID-19 INFORMATION

## SAW SAW SHAR APPLICATION

စောစောရှာအက်ပလီကေးရှင်းကိုအသုံးပြုခြင်းဖြင့် မိမိအနီးနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။
IOS & Android Version (2) မျိုးလုံးတွင်အသုံးပြုနိုင်ပြီဖြစ်ပါသည်။



# UPCOMING EVENTS

**“Face Shield, Cloth Mask” Donation**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ ဒုတိယလှိုင်းဖြစ်ပွားနိုင်မှုအား အတူတကွ အောင်မြင်စွာ ကျော်ဖြတ်နိုင်စေရန်နှင့် ကပ်ရောဂါ Outbreak ဖြစ်ပွားနိုင်ချေအား လျော့ချပေးနိုင်ရန် ရည်ရွယ်၍ အသင်းဝင်ကုမ္ပဏီများနှင့် သက်ဆိုင်ရာ အစိုးရဌာနများသို့ Face Shield နှင့် Cloth Mask များ ပေးပို့ လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

**“Leadership Development Programme for Business Leader” Online Training**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ စီစဥ် ဖွင့်လှစ်ပြီး ဆရာမကြီး Prof. Dr. Moe Moe Khaing ကိုယ်တိုင် ဦးစီးသင်ကြားသည့် “Leadership Development Programme for Business Leader” Online Training ၏ Module (1) ကို (27,28) June, 2020 ရက်နေ့များတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျန်ရှိသည့် Module (2,3,4,5,6) များကို အောက်ပါ အချိန်ဇယားများအတိုင်း ဆက်လက်သင်ကြားသွားပါမည်။

Module(2): Work From Home and HRM

Date : (11,12) July, 2020.

Module(3): Time and Stress Management

Date : (25,26) July, 2020.

Module(4): Winning Customers during COVID Crisis

Date : (8,9) August, 2020.

Module(5): Financial Literacy for Business Leader

Date : (22,23) August, 2020.

Module(6): Soft Skill Development for Business Leaders

Date : (5,6) September, 2020.

**Annual General Meeting**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် “Annual General Meeting” (Online) အား ဩဂုတ်လ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

**MCIA-YANGON AWARD**

(၂၀၁၈-၂၀၁၉) စည်းကြပ်နှစ်အတွင်း ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ထားခဲ့သော အသင်းဝင်ကုမ္ပဏီများနှင့် ICT Fair/Expo များတွင် အကြိမ်ရေအများဆုံး ပါဝင်ပြခဲ့သော အသင်းဝင်ကုမ္ပဏီများအား ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ မှတ်တမ်းတင်ဂုဏ်ပြုရန် စီစဥ်ထားရှိပြီး Annual General Meeting ကျင်းပချိန်တွင် ထည့်သွင်းကျင်းပသွားရန် စီစဥ်ထားရှိပါသည်။